## ***“အနာဂတ်မှာ ဒို့ဘယ်လို အသက်ရှင်နိုင်မလဲ” - ကရင်နီပြည်နယ်အတွင်းမှ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ*** **ပူးတွဲအစီရင်ခံစာသစ်တွင် ကရင်နီ အရပ်ဘက်အဖွဲ့အစည်းများမှ တရားမျှတမှုနှင့် စစ်တပ် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေမှုကို အဆုံးသတ်ရန် တောင်းဆို**

ချက်ခြင်းထုတ်ပြန်ရန်
၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်

(ချင်းမိုင်၊ ထိုင်းနိုင်ငံ) ကရင်နီလူ့အခွင့်အရေးအဖွဲ့၊ ကယန်းအမျိုးသမီးအစည်းအရုံး၊ ကရင်နီ အမျိုးသမီးအစည်းအရုံးနှင့် ကယားပြည်နယ်ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာရေးကွန်ယက်တို့က ***“အနာဂတ်မှာ ဒို့ဘယ်လိုအသက်ရှင်နိုင်မလဲ” - ကရင်နီပြည်နယ်အတွင်းမှ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ*** ခေါင်းစဉ်ဖြင့် အစီရင်ခံစာသစ်ကို ယနေ့တွင်ထုတ်ပြန်လိုက်သည်။ ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ ကရင်နီပြည်နယ်နှင့် အနီးတစ်ဝိုက် ဒေသများတွင် စစ်အာဏာသိမ်းတပ်များမှ ၀၂၁ ခုနှစ် မေလမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုမြောက်သည့်အထိ ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်ထားသည်။

စစ်အာဏာသိမ်းတပ်များမှ ကျူးလွန်သည့် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာထောက်ထားမှု ဥပဒေများကို ဆိုးဝါးပြင်းထန်စွာ ချိုးဖောက်မှုများတွင် ကရင်နီအရပ်သား ပြည်သူများကို လက်လွတ်စပယ် ပစ်မှတ်ထား တိုက်ခိုက်ခြင်းများ၊ လူသတ်မှုနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများ၊ အရပ်သားများ၏ အိုးအိမ် ပိုင်ဆိုင်မှုပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးခြင်းများ၊ လူဦးရေမြောက်မြားစွာ အတင်းအဓမ္မ အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းစေခြင်းများ၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ကရင်နီအရပ်သား ပြည်သူများအား အဓမ္မလုပ်အား ခိုင်းစေခြင်းနှင့် လူသားဒိုင်းများအဖြစ် အသုံးပြုခြင်း တို့ ပါဝင်သည်။

“ကရင်နီပြည်နယ်မှာ အရပ်သားတွေကို လက်နက်ကြီးနဲ့ ပစ်ခတ်တိုက်ခိုက်တာ အပါအဝင် ဗမာစစ်တပ်က စစ်ရေးလှုပ်ရှားမှုတွေကို ဆက်လုပ်နေပါတယ်။ အမျိုးသမီးနဲ့ ကလေးတွေက ပဋိပက္ခမှာ အထိခိုက်လွယ်ဆုံးဖြစ်ပါတယ်။ ကရင်နီပြည်နယ် အပါအဝင်

နိုင်ငံတဝှမ်းရှိ အရပ်သားတွေဟာ ကိုယ့်အိမ်က ထွက်ပြေးပြီး တောထဲမှာ ပြောင်းနေကြရပါတယ်။ လက်နက်ကိုင်တိုက်ပွဲတွေကြောင့် အခြေအနေက ပိုမတည်မငြိမ် ဖြစ်လာတယ်” ဟု ကရင်နီ အမျိုးသမီးအစည်းအရုံး ဥက္ကဋ္ဌ ဒေါ်မီးမီးက ပြောသည်။

ကရင်နီပြည်နယ်အတွင်းရှိ မြို့ ရပ်ကွက်နှင့် ကျေးရွာ ၈၇ ခုမှ နေအိမ် ၁,၁၉၀လုံးကို စစ်အာဏာသိမ်းတပ်များမှ အကြီးအကျယ်ပျက်စီးစေခြင်း သို့မဟုတ် လုံးလုံးလျားလျား ဖျက်စီးခြင်းများ ပြုလုပ်ခဲ့ပါသည်။ ကရင်နီလူဦးရေ စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကျော်ခန့် ဖြစ်သည့် ပြည်သူအယောက် ၁၈၀,၀၀၀ ခန့် သည် အိုးအိမ်စွန့် ခွါထွက်ပြေး တိမ်းရှောင်ခဲ့ကြရသည်။ ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူများ (IDP) ၏ ၇၀ရာခိုင်နှုန်းမှာ အမျိုးသမီးများနှင့် ကလေးငယ်များ ဖြစ်ကြသည်။ IDP စခန်းများအား စစ်အာဏာသိမ်းတပ်များ၏ တိုက်ခိုက်မှုများကြောင့် အချို့သော မိသားစုများသည် အကြိမ်ကြိမ်ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

အကြမ်းဖက်စစ်အုပ်စု၏ လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် နေအိမ်ပျက်စီးသွားကာ နေရပ်မှစွန့်ခွာထွက်ပြေး တိမ်းရှောင်နေရသူ အမျိုးသမီးတစ်ဦးအား ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်မ ရှိသမျှအရာတွေအကုန် ဆုံးရှုံးသွားပြီ။ ကလေးတွေကို ဘယ်ကိုခေါ်သွားပြီး ဘယ်မှာပုန်းရမလဲ မသိတော့ဘူး။ ကျွန်မ တကယ်ကြောက်တယ်၊ ဘယ်မှာ လုံခြုံအောင် ဆက်ပြေးနိုင်မလဲ မသိပါဘူး” ဟု ပြောခဲ့သည်။

ထို့အပြင် ယခုအစီရင်ခံစာတွင် ကရင်နီပြည်နယ်နှင့် အနီးနားဒေသများတွင် စစ်အာဏာသိမ်းအုပ်စုတပ်များသည် အမျိုးသမီး ၃၃ ဦး အပါအဝင် ကရင်နီအရပ်သား ၂၆၀ ဦးထက်မနည်းကို မတရားဖမ်းဆီး ချုပ်နှောင်ထားကြောင်း မှတ်တမ်းတင်ထားသည်။ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု သုံးခု အပါအဝင် စစ်အာဏာသိမ်းအုပ်စု တပ်များသည် ဖမ်းဆီးထိန်းသိမ်းထားစဉ်အတွင်း ကရင်နီအရပ်သား ၁၁၅ ဦးကို တရားမဝင် သတ်ဖြတ်ခဲ့ကြောင်းကိုလည်း မှတ်တမ်းတင်ထားပါသည်။

စုဆောင်းရရှိထားသော အချက်အလက်များအား တရားဥပဒေနည်းလမ်းအရ သုံးသပ်ရာတွင် စစ်အာဏာသိမ်းအုပ်စု တပ်များသည် အရပ်သားများအား ညှဥ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်း၊ လုယက်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ ပြုမူ ဆက်ဆံခြင်းနှင့် အရပ်သားများကို အိုးမဲ့အိမ်မဲ့အခြေအနေသို့ရောက်စေသည့် စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ထိုသို့သော အပြုအမူများသည် ထောင်သွင်းအကျဉ်းချခြင်းအားဖြင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ သို့မဟုတ် လွတ်လပ်မှုကို အဓမ္မ ရုတ်သိမ်းခြင်း၊ လူသတ်မှု၊ ညှဥ်းပန်းနှိပ်စက်မှု၊ ကျွန်ပြုမှု၊ အခြားသော လူမဆန်သော လုပ်ရပ်များနှင့် အတင်းအဓမ္မအိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရမှုတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။

စစ်အာဏာသိမ်းအုပ်စု တပ်များသည် ခတ်အဆက်ဆက် အပြစ်ပေး အရေးယူခံရမှုမှ ကင်းလွတ်နေခြင်း သံသရာကို အဆုံးသတ်နိုင်ရေးအတွက်နှင့် ပြည်သူများ တရားမျှတမှုရရှိနိုင်ရန် ကူညီလုပ်ဆောင်ပေးပါရန် နိုင်ငံတကာအသိုင်းအဝိုင်းအား ကရင်နီအဖွဲ့အစည်းလေးဖွဲ့မှ တိုက်တွန်းအပ်ပါသည်။ ထိုသို့လုပ်ဆောင်မှုတွင် ထောင်နှင့်ချီသော ကရင်နီဒုက္ခသည်များအတွက်

တရားမျှတမှုနှင့် နစ်နာကြေး၊ ကုစားပေးမှုများကိုဖော်ဆောင်နိုင်မည့် လမ်းကြောင်းတစ်ရပ် ဖြစ်သော မြန်မာနိုင်ငံတွင်း ဖြစ်ပျက်နေသည့် အခြေအနေများကို နိုင်ငံတကာ ရာဇဝတ်တရားရုံးသို့ လွှဲပြောင်းပေးခြင်း ပါဝင်သင့်ပေသည်။ ထို့အပြင် စစ်အုပ်စုမှ အသက်အန္တရာယ်ကို နေ့စဉ် ခြိမ်းခြောက်ခံနေရသော အရပ်သားပြည်သူများအား အကာအကွယ်ပေးနိုင်ရေးအတွက် “ သံတမန်ရေးရာ ထုတ်ပြန်ချက် (statement diplomacy)” ထက်ပိုမိုခိုင်မာသောခြေလှမ်းများ လုပ်ဆောင်ရန်လည်း နိုင်ငံတကာအသိုင်းအဝိုင်းအား အသစ်တဖန် တောင်းဆိုလိုက်သည်။ ဤအဆင့်များတွင် အသက်အန္တရယ်ထိခိုက်စေသည့် လေကြောင်းတိုက်ခိုက်မှုများကို အဆုံးသတ်နိုင်ရေးအတွက် ဗမာစစ်တပ်အား လက်နက်ရောင်းချပေးခြင်းများကို တားမြစ်ခြင်းနှင့် လေကြောင်း လောင်စာဆီ တင်သွင်းရောင်းချမှုကို ပိတ်ဆို့အရေးယူခြင်းများ ထိရောက်စွာပြုလုပ်နိုင်ရန် ကမ္ဘာလုံးဆိုင်ရာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများ ပါဝင်သင့်ပါသည်။
###

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်**

Ko Banya: Director, Karenni Human Rights Group

Email: banya7881@gmail.com Signal: +95 9 254 150 436

Matthias: Coordinator, Kayah State Peace Monitoring Network

Email:matiyalay@gmail.com Signal: +95 9 253 239 762

Alar Corritti: General Secretary, Kayan Women’s Organization

Email: larcoretti8897@gmail.com Signal: +95 9 769 571671

Maw Day Myar: Researcher, Karenni National Women’s Organization

Email: mawdaymyar@gmail.com Signal: +95 9 976 656268